## ၆။ စစ်ဆေးအကဲဖြတ်ခြင်း၏ အခြေခံအချက်များ

စစ်ဆေးအကဲဖြတ်ခြင်းကို အဘယ်ကြောင့် လုပ်ဆောင်ကြပါသနည်း။ ယင်းတို့မှာ ရည်ရွယ်ချက် ၃ ခုရှိသည်။

(၁) ကလေးများ မိမိ၏စွမ်းရည်ကို သိရှိကာ မိမိကိုယ်တိုင် ပိုမိုတိုးတက်အောင် လုပ်ဆောင်နိုင်ရန်

(၂) ဆရာက မိမိသင်ကြားပုံကို သိရှိကာ ပိုမိုကောင်းမွန်သော သင်ကြားရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်

(၃) အတန်းတင်ပေးခြင်းစသည့် အောင်စာရင်းပြုစုရေးလုပ်ငန်းဆိုင်ရာကိစ္စများ ဆောင်ရွက်ရန်တို့ဖြစ်သည်။

ရည်ရွယ်ချက် ၃ သည် အရေးကြီးသော်လည်း ရည်ရွယ်ချက် ၁ နှင့် ၂ ကို သတိပြုကာ သင်ကြားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အရေးကြီးသည်။ စစ်ဆေးအကဲဖြတ်ခြင်းသည် ကလေးများနှင့် ဆရာများအတွက် အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ကြောင်း အစဉ်တစိုက် အလေးထား လုပ်ဆောင်ရန် လိုအပ်သည်။

စာမေးပွဲဖြင့် စစ်ဆေးအကဲဖြတ်သောနည်းလမ်းအပြင် အမှတ်ပေးစံဇယားဖြင့် စစ်ဆေးအကဲဖြတ်သောနည်းလမ်းလည်းရှိသည်။ တတိယတန်းရှိ သင်ခန်းစာအချို့တွင် သင်ခန်းစာအသီးသီး၏ ရည်ရွယ်ချက်အလိုက် အမှတ်ပေးစံဇယားဖြင့် ကလေးများ၏ လုပ်ဆောင်ချက်နှင့် စိတ်ပါဝင်စားမှုတို့ကို စစ်ဆေးအကဲဖြတ်နိုင်သည်။

တစ်ဖန် အမှတ်ပေးစံဇယားဖြင့် စစ်ဆေးအကဲဖြတ်ခြင်းအပြင် နှုတ်မေးနှုတ်ဖြေမေးခွန်း၊ ရေးဖြေမေးခွန်းတို့ဖြင့်လည်း ကလေးများ၏ အသိပညာနှင့် ကျွမ်းကျင်မှုတို့ကို စစ်ဆေးအကဲဖြတ်နိုင်သည်။

အောက်တွင် အမှတ်ပေးစံဇယားဖြင့် စစ်ဆေးအကဲဖြတ်ခြင်း၊ မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း နမူနာများကို ဖော်ပြထားသည်။ သင်ကြားသူဆရာများသည် ဆရာလမ်းညွှန်၏ စစ်ဆေးအကဲဖြတ်ခြင်းတွင် ရေးသားထားသော စံနှုန်းများကို ကိုးကား၍ သင်ခန်းစာအသီးသီးတွင် အသုံးပြုမည့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်ပေးစံဇယားနှင့် မေးခွန်းတို့ကို ကိုယ်တိုင်စဉ်းစားကာ ရည်ရွယ်ချက်ပေါက်မြောက်အောင် စစ်ဆေးအကဲဖြတ်ရန် လိုအပ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် စာသင်ချိန်နှင့် စာသင်ပြီးနောက်ပိုင်း ကလေးများ၏ တတ်မြောက်မှုကို စစ်ဆေးရပါမည်။ နားမလည်သောကလေးများရှိပါက ဆရာက နောက်တစ်ကြိမ်သင်ကြားပုံကို ပြောင်းလဲ၍ လိုအပ်သော ထောက်ပံ့မှုများ ပြုလုပ်ရပါမည်။ ကလေးအားလုံး သင်ခန်းစာရည်ရွယ်ချက် ပေါက်မြောက်စေရန် စစ်ဆေးအကဲဖြတ်ခြင်း၏ရလဒ်ကို အသုံးချရန် အရေးကြီးသည်။ တစ်ဖန် ကလေးအများစု၏ရလဒ်သည် (ထပ်မံကြိုးစားရန်)လိုသောအဆင့်ဖြစ်ပါက လက်ရှိ သင်ကြားပုံနည်းလမ်းသည် ကလေးများနှင့် ကိုက်ညီမှုမရှိဟု သုံးသပ်နိုင်သည်။ ထိုအခါမျိုးတွင် သင်ကြားပုံနည်းလမ်းကို ပြင်ဆင်ရန်လိုအပ်သည်။

### မေးခွန်းပုံစံဖြင့်စစ်ဆေးအကဲဖြတ်ခြင်းပုံစံ

| | |
|---|---|
| တတိယတန်း | မြန်မာစာ |
| သင်ခန်းစာ | အခန်း (၄) သင်ခန်းစာ ( ဃ ) သယ်ယူပို့ဆောင်ရေးယာဉ်များ |
| သင်ယူမှုဦးတည်ချက် | - သယ်ယူပို့ဆောင်ရေးယာဉ်များအကြောင်း ဆွေးနွေးတတ်ရန်<br>- ယာဉ်များ၏ပုံသဏ္ဌာန်များ မတူညီသည်ကို ပြောပြတတ်ရန် |

| | |
|---|---|
| သိမှုအဆင့် | မှတ်မိခြင်း |
| စစ်ဆေးသည့်ပုံစံ | နှုတ်ဖြေ/ရေးဖြေမေးခွန်း |

**မေးခွန်းပုံစံဖြင့် စစ်ဆေးအကဲဖြတ်ခြင်း**

(၁) အောက်ပါရုပ်ပုံများကိုကြည့်၍ မှန်ကန်သောအဖြေနှင့်ယှဉ်တွဲပါ။

(က)  ရေလမ်းခရီး

(ခ)  လေကြောင်းခရီး

(ဂ)  ကုန်းလမ်းခရီး

နမူနာအဖြေ ။ (က) လေကြောင်းခရီး (ခ) ကုန်းလမ်းခရီး (ဂ) ရေလမ်းခရီး

| | |
|---|---|
| သိမှုအဆင့် | နားလည်ခြင်း |
| စစ်ဆေးသည့်ပုံစံ | နှုတ်ဖြေ/ရေးဖြေ မေးခွန်း |

**မေးခွန်း**

**ကျောင်းသုံးစာအုပ်ပါယေားကိုဖြည့်ပါ။**

| ယာဉ် | ရွေ့လျားစေသောအရာ | အကြောင်းရင်း |
|---|---|---|
| လှည်း၊ မော်တော်ကား၊ မီးရထား | | |
| လှေ၊ ဖောင်၊ သင်္ဘော၊ ရွက်လှေ | | |
| လေယာဉ်ပျံ၊ ရဟတ်ယာဉ် | | |

**နမူနာအဖြေ**

| ယာဉ် | ရွေ့လျားစေသောအရာ | အကြောင်းရင်း |
|---|---|---|
| လှည်း၊ မော်တော်ကား၊ မီးရထား | ဘီး၊ လူအား၊ စက်တွန်းအား | မြေကြီးပေါ်တွင်လိမ့်၍ရွေ့လျားသွားနိုင်ရန် |
| လှေ၊ ဖောင်၊ သင်္ဘော၊ ရွက်လှေ | လှော်တက်၊ ပန်ကာ၊ စက်တွန်းအား၊ ရွက်၊ ရေအား၊ လေအား၊ လူအား | ရေပေါ်တွင် ရွေ့လျားသွားနိုင်အောင် ရေကိုယက်ထုတ်နိုင်ရန် |
| လေယာဉ်ပျံ၊ ရဟတ်ယာဉ် | တောင်ပံ၊ ပန်ကာ၊ စက်တွန်းအား၊ လေအား၊ လူအား | အမြင့်သို့တက်နိုင်ရန်၊ လေထဲတွင်ပျံသန်းနိုင်ရန် |

| သိမှုအဆင့် | အသုံးချခြင်း |
|---|---|
| စစ်ဆေးသည့်ပုံစံ | နှုတ်ဖြေ/ရေးဖြေမေးခွန်း |

**မေးခွန်း(၁)** ဖတ်စာပါယာဉ်များအပြင် တခြားဘာယာဉ်တွေရှိသေးသလဲ။ ဘယ်နေရာကရွေ့လျားသလဲ။

နမူနာအဖြေ ။ ။ ပြိုင်ကား၊ ပဲ့ထောင်၊ ဂျက်လေယာဉ်

- ပြိုင်ကားသည် မြေကြီးပေါ်၌လိမ့်၍ ရွေ့လျားနိုင်ရန် ဘီးနှင့် စက်တွန်းအား ပါရှိသည်။
- ပဲ့ထောင်သည် ရေပေါ်တွင်ရွေ့လျားသွားနိုင်အောင် လူအား၊ ပန်ကာနှင့် စက်တွန်းအားများ ပါရှိသည်။
- ဂျက်လေယာဉ်သည် လေပေါ်တွင် ပျံဝဲနိုင်ရန် တောင်ပံများ၊ ပန်ကာများ၊ စက်တွန်းအားများ ပါရှိသည်။

**မေးခွန်း(၂)** ကလေးတို့ ခရီးတစ်ခုကို သွားချင်ရင် ဘယ်ယာဉ်နဲ့ သွားချင်သလဲ။ ကုန်းလမ်း၊ လေကြောင်းလမ်း၊ ရေလမ်းထဲက ဘာနဲ့သွားချင်သလဲ။ ဘာကြောင့်ရွေးချယ်တာလဲ။

နမူနာအဖြေ ။ ။ ကျွန်တော်ကတော့ မန္တလေးကို လေယာဉ်ပျံကြီးစီးပြီး လေထဲကသွားချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လေထဲမှာ တောင်ပံ၊ ပန်ကာ၊ အင်ဂျင်နဲ့ တည်ဆောက်ထားတော့ လူတွေ မပျံသန်းနိုင်တဲ့ လေထဲမှာ သွားလို့ရတာကို စီးချင်လို့ပါ။

**အမှတ်ပေးစံယှဉ်ဖြင့် စစ်ဆေးအကဲဖြတ်ခြင်းပုံစံ**

**နမူနာပုံစံ (၁)**

| တတိယတန်း | မြန်မာစာ |
|---|---|
| သင်ခန်းစာ | အခန်း (၅) သင်ခန်းစာ (င) ကျောင်းတက်ရက် တစ်နေ့တာ |
| သင်ယူမှုဦးတည်ချက် | - ယခင်နေ့က တစ်နေ့တာလုပ်ဆောင်ချက်များကို ရေးသားတတ်ရန်<br>- သူငယ်ချင်း၏အကြံဉာဏ်ရယူပြီး ပြန်လည်ရေးသားတတ်ရန် |

လုပ်ငန်း (၁) ယခင်နေ့က တစ်နေ့တာအကြောင်းကို ရေးသားခြင်း

| စစ်ဆေးမည့်အချက် | အလွန်ကောင်း | သင့် | ထပ်မံကြိုးစားရန် |
|---|---|---|---|
| အသိပညာ | တစ်နေ့တာ ဆောင်ရွက်ချက်များကို အချိန်ကာလအလိုက် ရေးသားရာတွင် ဖတ်စာပါ နမူနာထက် ပိုမို အသေးစိတ် ရေးသားရမည်ကို သိရှိသည်။ | တစ်နေ့တာ ဆောင်ရွက်ချက်များကို ရေးသားရာတွင် အချိန်ကာလ အလိုက် ရေးသားရမည်ကို သိရှိသည်။ | တစ်နေ့တာ ဆောင်ရွက်ချက်များကို ရေးသားရာတွင် အချိန်ကာလအလိုက် ရေးသားရမည်ကို မသိရှိပါ။ |
| | ပုဒ်အထားအသို၊ စာလုံးပေါင်းသတ်ပုံ အားလုံး မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်း သတ်ပုံများ ပို၍မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်း သတ်ပုံ အသင့်အတင့် မှန်ကန်ရမည်။ |
| ကျွမ်းကျင်မှု | တစ်နေ့တာ ဆောင်ရွက်ချက်များကို နမူနာ ပေးထားသည့် အချက်များထက်ပို၍ ရေးနိုင်သည်။ | တစ်နေ့တာ ဆောင်ရွက်ချက်များကို နမူနာအတိုင်း အချိန်၊ နေရာ ကာလအလိုက် ရေးသားနိုင်သည်။ | နမူနာပေးထားသည့် အချက်အားလုံးကို ပါဝင်အောင် မရေးနိုင်ပါ။ |
| | တစ်ဖက်လူနားလည်အောင် ပြည့်ပြည့်စုံစုံ ရေးသားနိုင်သည်။ | တစ်ဖက်လူနားလည်အောင် ရေးသားနိုင်သည်။ | တစ်ဖက်လူနားလည်အောင် မရေးသားနိုင်ပါ။ |

| | | | |
|---|---|---|---|
| သဘောထား | မိမိတစ်နေ့တာကို တက်တက်ကြွကြွ စိတ်ဝင်တစား ရေးချင်စိတ်ရှိသည်။ | မိမိတစ်နေ့တာကို စိတ်ဝင်တစား ရေးချင်စိတ်ရှိသည်။ | မိမိတစ်နေ့တာကို စိတ်ဝင်တစား ရေးချင်စိတ်မရှိပါ။ |

လုပ်ငန်း (၂) သူငယ်ချင်း၏ အကြံဉာဏ်ကို ရယူပြီး ပြန်လည်ရေးသားခြင်း

| စစ်ဆေးမည့်အချက် | အလွန်ကောင်း | သင့် | ထပ်မံကြိုးစားရန် |
|---|---|---|---|
| အသိပညာ | တစ်နေ့တာ ဆောင်ရွက်ချက်များကို အချိန်ကာလအလိုက် ရေးသားရာတွင် ဖတ်စာပါ နမူနာထက် ပိုမို အသေးစိတ် ရေးသားရမည်ကို သိရှိသည်။ | တစ်နေ့တာ ဆောင်ရွက်ချက်များကို ရေးသားရာတွင် အချိန်ကာလအလိုက် ရေးသားရမည်ကို သိရှိသည်။ | တစ်နေ့တာ ဆောင်ရွက်ချက်များကို ရေးသားရာတွင် အချိန်ကာလအလိုက် ရေးသားရမည်ကို မသိရှိပါ။ |
| | ပုဒ်အထားအသို၊ စာလုံးပေါင်းသတ်ပုံ အားလုံး မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်း သတ်ပုံများ ပို၍မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်း သတ်ပုံ အသင့်အတင့် မှန်ကန်ရမည်။ |
| ကျွမ်းကျင်မှု | တစ်နေ့တာ ဆောင်ရွက်ချက်များကို နမူနာ ပေးထားသည့် အချက်များထက်ပို၍ ရေးနိုင်သည်။ | တစ်နေ့တာ ဆောင်ရွက်ချက်များကို နမူနာအတိုင်း အချိန်၊ နေရာ ကာလအလိုက် ရေးသားနိုင်သည်။ | နမူနာပေးထားသည့် အချက်အားလုံးကို ပါဝင်အောင် မရေးနိုင်ပါ။ |
| | တစ်ဖက်လူနားလည်အောင် ပြည့်ပြည့်စုံစုံ ရေးသားနိုင်သည်။ | တစ်ဖက်လူနားလည်အောင် ရေးသားနိုင်သည်။ | တစ်ဖက်လူနားလည်အောင် မရေးသားနိုင်ပါ။ |
| သဘောထား | သူငယ်ချင်း၏အကြံဉာဏ်ကို ရယူပြီး တက်တက်ကြွကြွ ရေးသားနိုင်ရုံ သာမက ကိုယ်တိုင်ထပ်ဖြည့် ရေးသားလိုသည်။ | သူငယ်ချင်း၏ အကြံဉာဏ်ကို ရယူပြီး ရေးသားလိုသည်။ | သူငယ်ချင်း၏ အကြံဉာဏ်ကို ရယူပြီး ရေးသားလိုခြင်း မရှိပါ။ |

**နမူနာပုံစံ (၂)**

| | |
|---|---|
| တတိယတန်း | မြန်မာစာ |
| သင်ခန်းစာ | အခန်း (၆) သင်ခန်းစာ (၇) ပေးစာ |
| သင်ယူမှုဦးတည်ချက် | - ပေးစာ၊ ပြန်စာရေးနည်း သဘောသဘာဝကို နားလည်၍ ရေးသားတတ်ရန်<br>- အချင်းချင်း အပြန်အလှန် ပေးစာ ပြန်စာရေးတတ်၊ ဖတ်ပြတတ်ရန် |

လုပ်ငန်း (၁) ပေးစာရေးသားခြင်း

| စစ်ဆေးမည့်အချက် | အလွန်ကောင်း | သင့် | ထပ်မံကြိုးစားရန် |
|---|---|---|---|
| အသိပညာ | လက်တွေ့ဘဝတွင် ပေးစာကို မည်ကဲ့သို့ ရေးရမည်နှင့် ရေးပုံရေးနည်းကို သိရှိသည်။ | ပေးစာ ရေးပုံရေးနည်းကို သိရှိသည်။ | ပေးစာ ရေးပုံရေးနည်းကို သိရှိခြင်း မရှိပါ။ |
| | ပုဒ်အထားအသို၊ စာလုံးပေါင်း သတ်ပုံ အားလုံး မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်း သတ်ပုံ တော်တော်များများ မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်း သတ်ပုံ အတော်အသင့် မှန်ကန်ရမည်။ |

| | | | |
|---|---|---|---|
| ကျွမ်းကျင်မှု | လက်တွေ့ဘဝတွင် ပေးစာ မည်သို့ ရေးရမည်နှင့် ရေးပုံ ရေးနည်းကို သိရှိပြီး ရေးသားနိုင်သည်။ | ဖတ်စာ နမူနာပါ ပေးစာ ရေးပုံရေးနည်းကို သိရှိပြီး ရေးသားနိုင်သည်။ | ဖတ်စာ နမူနာပါ ပေးစာ ရေးပုံရေးနည်းကို သိရှိပြီး ရေးသားနိုင်ခြင်း မရှိပါ။ |
| | မိမိရေးချင်သည့် အကြောင်းအရာကို စာလက်ခံရရှိသူ နားလည်အောင် ပြည့်ပြည့်စုံစုံ ရေးသားနိုင်သည်။ | မိမိရေးလိုသော အကြောင်းအရာကို ရေးသားနိုင်သည်။ | မိမိရေးလိုသော အကြောင်းအရာကို ရေးသားနိုင်ခြင်း မရှိပါ။ |
| သဘောထား | လက်တွေ့ဘဝတွင်လည်း ပေးစာကို ရေးသားလိုစိတ် ရှိသည်။ | ပေးစာရေးရာတွင် တက်တက်ကြွကြွ ပါဝင်ပြီး စိတ်ပါဝင်စားမှု ရှိသည်။ | ပေးစာရေးရာတွင် စိတ်ပါဝင်စားမှု မရှိပါ။ |

လုပ်ငန်း (၂) ပြန်စာရေးသားခြင်း

| **စစ်ဆေးမည့်အချက်** | **အလွန်ကောင်း** | **သင့်** | **ထပ်မံကြိုးစားရန်** |
|---|---|---|---|
| အသိပညာ | လက်တွေ့ဘဝတွင် ပြန်စာရေးပုံ ရေးနည်းကို ကောင်းစွာသိရှိသည်။ | ပြန်စာရေးပုံရေးနည်းကို သိရှိသည်။ | ပြန်စာရေးပုံရေးနည်းကို သိရှိခြင်း မရှိပါ။ |
| | ပုဒ်အထားအသို၊ စာလုံးပေါင်းသတ်ပုံ အားလုံး မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်းသတ်ပုံများ မှန်ကန်ရမည်။ | ပုဒ်အထားအသို၊ စာလုံးပေါင်းသတ်ပုံ အသင့်အတင့် မှန်ကန်ရမည်။ |
| ကျွမ်းကျင်မှု | လက်တွေ့ဘဝတွင် ပြန်စာရေးပုံ ရေးနည်းကို ကောင်းစွာ သိရှိပြီး ရေးသားနိုင်သည်။ | ပြန်စာရေးပုံရေးနည်းကို သိပြီး ရေးသားနိုင်သည်။ | ပြန်စာရေးပုံရေးနည်းကို သိရှိပြီး ရေးသားနိုင်ခြင်း မရှိပါ။ |
| | ရရှိထားသော ပေးစာ အကြောင်းအရာပေါ် မူတည်၍ ပြန်စာရေးသားနိုင်ခြင်းနှင့် မိမိရေးသားလိုသော အကြောင်းအရာများကို ရေးသားနိုင်သည်။ | ရရှိထားသော ပေးစာ အကြောင်းအရာပေါ် မူတည်၍ ပြန်စာရေးသား နိုင်သည်။ | ရရှိထားသော ပေးစာ အကြောင်းအရာပေါ် မူတည်၍ ပြန်စာ ရေးသားနိုင်ခြင်း မရှိပါ။ |
| သဘောထား | လက်တွေ့ဘဝမှာလည်း ပြန်စာကို ရေးချင်စိတ် ဖြစ်ပေါ် လာမည်။ | ပြန်စာရေးရာတွင် တက်တက်ကြွကြွ ပါဝင်ပြီး စိတ်ပါဝင်စားမှု ရှိသည်။ | ပြန်စာရေးရာတွင် စိတ်ပါဝင်စားခြင်း မရှိပါ။ |